**မေးခွန်း(၁)။ ။ လွန်ခဲ့တဲ့နှစ်က နေထိုင်ခွင့်လက်မှတ်ထောရော (၃၈/၁) နှင့် အလုပ်သမားကဒ်မလုပ်ဖူးတဲ့ လူတွေ ဒီနှစ်အတွက် နေထိုင်ခွင့်လက်မှတ်နှင့်အလုပ်သမားကဒ်လုပ်လို့ရလား။**

**အဖြေ** – မလုပ်ပေးတော့ပါ။

**ဒီနှစ် ဘယ်သူတွေက အလုပ်သမားကဒ် ကိုလုပ်လို့ရသလဲ။**

အမေး။ ။ **လွန်ခဲ့တဲ့နှစ်က နေထိုင်ခွင့် ထောရော ၃၈၊၁ရှိပြီး အလုပ်သမားကဒ်မရှိပါက**

အဖြေ – ကိုးတာ့ ရှိသောအလုပ်ရှင်ကို ဇွန်လ(၃၀)ရက်နေ့၂၀၀၅ခုနှစ်အတွင်း ရအောင်ရှာရမည်။
- အလုပ်သမားများက သတ်မှတ်ထားသောဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရမည်။
- ဇွန်လ (၃၀)ရက်နေ့ ၂၀၀၅ခုနှစ်အတွင်း အလုပ်ရှင်နှင့်အလုပ်သမားအား အလုပ်သမားရှာဖွေရေးရုံးကို အလုပ်သမားကဒ် သွားလုပ်ရမည်။

၂၈၊၂။ **လွန်ခဲ့တဲ့နှစ်က နေထိုင်ခွင့် ၃၈၊၁နှင့် အလုပ်သမားကဒ်ရှိတဲ့လူက အလုပ်ရှင်အဟောင်းနဲ့ အလုပ်ဆက်လုပ်မည်ဆိုရင်**

အဖြေ – သတ်မှတ်ထား သောဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရမည်။
- ဇွန်လ၁ရက်နေ့မှ ဇွန်လ ၃၀ရက်နေ့ ၂၀၀၅ခုနှစ်အတွင်း အလုပ်သမားရှာဖွေရေးရုံမှာ အလုပ်သမားကဒ် သက်တမ်းတိုးရန်။

၂၈၊၃။ **လွန်ခဲ့တဲ့နှစ်က နေထိုင်ခွင့် ၃၈၊၁နှင့် အလုပ်သမားကဒ်ရှိပြီး အလုပ်ရှင်ပြောင်းလိုပါက**

အဖြေ – အလုပ်ရှင်အဟောင်းက အလုပ်သမားနာမည်ကို အရင်သွားဖျက်ပေးရမည်။
- သတ် မှတ်ထားသောဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရမည်။
- အလုပ်ရှင်အသစ်နှင့်အလုပ်သမားများအား သက်ဆိုင်ရာခရိုင် အလုပ်သမားရှာဖွေရေးရုံးကိုသွားပြီး အလုပ်သမားကဒ်ကို ဇွန်လ၁ရက်နေ့မှ ဇွန်လ၃၀ရက်နေ့၂၀၀၅ခုနှစ်အတွင်း ရအောင်လုပ်ရမည်။

၂၉။ **လွန်ခဲ့တဲ့နှစ်က နေထိုင်ခွင့် ၃၈၊၁ရှိတဲ့လူ ဒီနှစ်အလုပ်မချင်ပါက**

အဖြေ – လွန်ခဲ့တဲ့နှစ်က နေထိုင်ခွင့် ၃၈၊၁ရှိတဲ့လူ ဒီနေ့အလုပ်မလုပ်ချင်ပါက တစ်နှစ်ဆက်လက်နေထိုင်ခွင့်ရှိသည်။ ဒါပေမဲ့ ယင်းလူများက ဒီနှစ်အလုပ်သမားကဒ်သက်တမ်းတိုးတဲ့လူရဲ့ မှီခိုသူမိသား စု (အဖေ၊ အမေ၊ ခင်ပွန်း၊ဇနီးနှင့်သား၊သမီး) သာဖြစ်ရမည်။

**မေးခွန်း(၃)။ ။ အလုပ်ရှင်ပြောင်းချင်ရင် ဘယ်လိုလုပ်ရမလဲ။**

**အဖြေ** – အလုပ်သမားက ကိုးတာ့ရှိသောအလုပ်ရှင်အသစ်ကို ဇွန်လ (၁)ရက်နေ့မှဇွန်လ(၃၀)ရက်နေ့အတွင်း ရအောင်ရှာရမည်။
- အလုပ်ရှင်အဟောင်းကို(၁၅)ရက်အတွင်းနာမည်စာရင်းဖျက်ပေးရမည်။
- အလုပ်သမားငှား ရမ်းခွင့် (ကိုးတာ့) ရှိသောအလုပ်ရှင်ကိုရှာပါ။
- သတ်မှတ်ထားသော ဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရမည်။
- အလုပ်ရှင်အသစ်နှင့်အလုပ်သမားအား အလုပ်သမားရှာဖွေရေးရုံးတွင် အလုပ်သမားကဒ် ကိုဇွန်လ (၁) ရက်နေ့ကနေဇွန်လ (၃၀) ရက်နေ့ (၂၀၀၅) ခုနှစ်အတွင်း ပြီးအောင် လုပ်ရမည်။

၂။ **အခြားခရိုင်ရှိ အလုပ်ရှင်အတွက်**

အဖြေ – အလုပ်ရှင်အသစ်က အလုပ်သမားငှားရမ်းခွင့် (ကိုးတာ့)ကို သွားရောက်နေထိုင်လုပ်ကိုင်မည့်နေရာအသစ်ရှိ ခရိုင်အလုပ်သမားရှာဖွေရေးရုံးတွင် ဇွန်လ ၁ရက်နေ့မှ ဇွန်လ၃၀ရက်နေ့ ၂၀၀၅ခုနှစ်အတွင်း သွားရောက်လျှောက်ထားရမည်။
- အလုပ်ရှင်အဟောင်းက အလုပ်သမား၏အမည်ကို ခရိုင်ဟောင်းရှိ အလုပ်သမားရှာဖွေရေးရုံးတွင် သွားရောက်ဖျက်သိမ်းပေးရမည်။
- ကိုးတာ့ရှိသောအလုပ်ရှင်က အလုပ်သမားလိုအပ်ကြောင်း ခရိုင်အလုပ်သမားရှာဖွေရေးရုံးတွင် တင်ပြရမည်။
- သတ်မှတ်ထားသော ဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရမည်။
- အလုပ်ရှင်အသစ်နှင့်အလုပ်သမားအား အလုပ်သမားရှာဖွေရေးရုံးတွင် အလုပ်သမားကဒ် ကိုဇွန်လ (၁) ရက်နေ့ကနေဇွန်လ (၃၀) ရက် နေ့ (၂၀၀၅) ခုနှစ်အတွင်း ပြီးအောင် လုပ်ရမည်။

**မေးခွန်း(၄)။ အလုပ်ရှင်အဟောင်းကသွားပြီး နာမည်ဖျက်မပေးခဲ့ရင် ဘယ်လိုလုပ်မလဲ။**
**အဖြေ** – အလုပ်သမားက အလုပ်ရှင်အဟောင်းထံသွားပြီး နာမည်ဖျက်ပေးရန်ကြိုးစားပြီး တောင်းဆိုပါ။
– အလုပ်ရှင်ဟောင်းက နာမည်ဖျက်မပေးရင် ဇွန်လ(၁)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့ ၂၀၀၅ခုနှစ်အတွင်း အလုပ် သမားအား ကိုးတာ့ရှိသော အလုပ်ရှင်အသစ်ကို ရအောင်ရှာရမည်။
– သတ်မှတ်ထားသောဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရမည်။
– အလုပ်ရှင်အသစ်နှင့်အလုပ်သမားအား အလုပ်သမားရှာဖွေရေးရုံးတွင် အလုပ်သမားကဒ်ကိုဇွန်လ (၁) ရက်နေ့ကနေဇွန်လ (၃၀) ရက် နေ့ (၂၀၀၅) ခုနှစ်အတွင်း ပြီးအောင် လုပ်ရမည်။

**မေးခွန်း(၅)။ အလုပ်သမားများက ဇွန်လ (၃၀)ရက်နေ့အတွင်း အလုပ်ရှင်အသစ်ကိုရှာ၍ မရပါက အလုပ်သမားအနေနဲ့ ဘာလုပ်ရမလဲ။**
**အဖြေ** – သတ်မှတ်ထားသောဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရမည်။
– အလုပ်သမားက ဇွန်လ(၁)ရက်နေ့မှ ဇွန်လ (၃၀)ရက်နေ့ ၂၀၀၅ခုနှစ်အတွင်း အလုပ်သမား ရှာဖွေရေးရုံးမှာ အလုပ်လုပ်ရန် (ကိုးတာ့) လျှောက်ထားရမည်။ အလုပ်သမားက အလုပ်သမားရှာ ဖွေရေးရုံးရှိ တာဝန်ရှိသူအား အလုပ်ရှင်အသစ်ကို ဇွန်လ (၃၀)ရက်နေ့အတွင်း ရအောင်ရှာပေးဟု တောင်းဆိုရမည်။

**မေးခွန်း(၆)။ အလုပ်ရှင်က ဘာတွေလုပ်ရမလဲ။**
**အဖြေ။ ။အလုပ်ရှင်အတွက်သာ။**
၁။ အလုပ်သမားငှား ရမ်းခွင့် (ကိုးတာ့) ရှိဘူးသောအလုပ်ရှင်က အလုပ်သမားငှားရမ်းခွင့် (ကိုးတာ့) အား အလုပ်သမားရှာ ဖွေရေးရုံးတွင်သွားပြီး ဇွန်လ (၁) ရက် နေ့ကနေ ဇွန်လ(၃၀) ရက် နေ့ (၂၀၀၅) ခုနှစ်အတွင်း သက်တမ်းသွားတိုးရမည်။ ရှိထားသောအလုပ်သမားငှားရမ်းခွင့် (ကိုးတာ့) ထက်ပိုပြီး အလုပ်သမားထပ် လိုချင်ရင် အလုပ်သမားငှားရမ်းခွင့် (ကိုးတာ့) အရေအတွက် အားတိုးပြီးလျှောက်နိုင်ပါသည်။

၂။ အလုပ်ရှင်က အလုပ်သမားငှားရမ်းခွင့် (ကိုးတာ့) မရှိခဲ့ဖူးဘူး ဆိုရင် အလုပ်သမားရှာ ဖွေရေးရုံး တွင်သွားပြီး ဇွန်လ (၁) ရက် နေ့ကနေ ဇွန်လ(၃၀) ရက် နေ့ (၂၀၀၅) ခုနှစ်အတွင်းတွင် အလုပ်သမားငှားရမ်းခွင့် (ကိုးတာ့) ကို သွားတောင်းနိုင်ပါသည်။

**အလုပ်ရှင်က** – သူ့ရဲ့မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ် (ချူစသမအ)
– အိမ်ထောင်စုစာရင်း
– အလုပ်သမားငှမ်းရမ်းလိုသည့် သက်သေအထောက်အထား

**မေးခွန်း(၇)။ အလုပ်သမားကဒ်ကို ဘယ်မှာသွားလုပ်ရမလဲ။**
**အဖြေ။ ။**
ချင်းမိုင်က – အလုပ်သမားရှာဖွေရေးရုံး နှင့် မြို့တော်ခန်းမ (ဆာလန်းကာ)ဝင်းအတွင်းရှိ စားသောက်ဆိုင်အဆောင်နံပါတ် (၂) တွင်သွားလုပ်နိုင်သည်။
အခြားဒေသက – ခရိုင်အလုပ်သမားရှာဖွေရေးရုံးနှင့် မြို့နယ်ဆာလန်းကာတွင် အလုပ်သမားကဒ်သက်တမ်းတိုးနိုင်ပါသည်။
ဘန်ကောက်– ရပ်ကွက်ရှိအလုပ်သမားရှာဖွေရေးရုံးမှာ အလုပ်သမားကဒ်သက်တမ်းတိုးနိုင်ပါသည်။

**မေးခွန်း(၈)။ အလုပ်သမားကဒ် လုပ်ပြီးသွားရင် ခရီးသွားလာခွင့်ရှိပါသလား။**
**အဖြေ** – မှတ်ပုံတင်ထားသော ခရိုင်အတွင်းမှာသာ ခရီးသွားလာခွင့်ရှိသည်။ ဒါပေမဲ့ ကိုယ်ပိုင်ကိစ္စဖြစ်ရမည်။ သို့သော် အလုပ်သွားလုပ်လို့မရပါ။
**မေးခွန် (၉) ဘယ်အခြေအနေမျိုးမှာ အခြားဒေသကို ခရီးသွားခွင့်ရမည်လဲ။**
**အဖြေ** – ခရိုင်ဝန်ခွင့်ပြုချက်သို့မဟုတ်

– အလုပ်ရှင်နှင့်အတူခရီးသွားခြင်း။ ဒါပေမဲ့ အလုပ်ရှင်က အလုပ်သမားရှာဖွေရေးရုံးထံ ခွင့်ပြုချက်တောင်းရမည်။ **သို့မဟုတ်**

– ဆေးရုံမှ လွဲပြောင်းကုသခွင့်ထောက်ခံစာ လုပ်ပေးခဲ့ရင် အခြားခရိုင်မှာ သွားရောက်ဆေးကုသခွင့်ရှိသည်။ **သို့မဟုတ်**

– တရားရုံးတွင် သက်သေခံအဖြစ်သွားရမည်ဆိုရင် တရားရုံးမှဆင့်ခေါ်စာရှိရမည်။

## အလုပ်သမား မှတ်ပုံတင် အတွက် ကုန်ကျစရိတ်

### ၁။ လက်ရှိလုပ်ရှင် နှင့် ဆက်လုပ်မည့် အလုပ်သမားမှတ်ပုံတင် ရှိပြီးသော သူများအတွက်

- ကျန်းမာရေး ဆေးစစ်ခ – ဘတ် ၆၀၀
- ဘတ် ၃၀ ကဒ်ဖိုး – ဘတ် ၁၃၀၀
- စုစုပေါင်း – ဘတ် ၁၉၀၀

- အလုပ်သမား မှတ်ပုံတင် လျှောက်ခ – ဘတ် ၁၀၀
- အလုပ်သမား မှတ်ပုံတင် ခဖိုး ( တနှစ်စာ ) – ဘတ် ၁၈၀၀
- စုစုပေါင်း – ဘတ် ၁၉၀၀

➢ ကျန်းမာရေး ဆေးစစ်ကဒ် အပါအဝင် အလုပ်သမားမှတ်ပုံတင်ကဒ် လုပ်ခ စုစုပေါင်း
= (၁၉၀၀ + ၁၉၀၀)
= ဘတ် ၃၈၀၀

### ၂။ အလုပ်သမား မှတ်ပုံတင်ကဒ် သက်တမ်း သည် ဇွန်လ ၃၀ ရက်မတိုင်မီ ကုန်ဆုံးသော သူများ (သို့မဟုတ် ) အလုပ်ရှင်ပြောင်းလိုသူများ အတွက်

- ကျန်မာရေး ဆေးစစ်ခ – ဘတ် ၆၀၀
- ဘတ် ၃၀ ကဒ်ဖိုး – ဘတ် ၁၃၀၀
- စုစုပေါင်း – ဘတ် ၁၉၀၀

- အလုပ်သမား မှတ်ပုံတင် လျှောက်ခ – ဘတ် ၁၀၀ (၂၀၀၄ ခုနှစ်အတွက် )
- အလုပ်သမား မှတ်ပုံတင် လျှောက်ခ – ဘတ် ၁၀၀ (၂၀၀၅ ခုနှစ်အတွက် )
- အလုပ်သမား မှတ်ပုံတင် ကဒ်ဖိုး – ဘတ် ၄၅၀ (၂၀၀၄ ခုနှစ်အတွက် )
- အလုပ်သမား မှတ်ပုံတင်ကဒ်(တနှစ်စာ) – ဘတ် ၁၈၀၀ (၂၀၀၅ ခုနှစ်အတွက် )
- စုစုပေါင်း – ဘတ် ၂၄၅၀

➢ ကျန်းမာရေး ဆေးစစ်ကဒ် အပါအဝင် အလုပ်သမား မှတ်ပုံတင်ကဒ် လုပ်ခ စုစုပေါင်း
= ဘတ် ( ၁၉၀၀ + ၂၄၅၀ )
= ဘတ် ၄၃၅၀

### ၃။ ယာယီနေထိုင်ခွင့်လက်မှတ်သာရှိပြီး ၊ အလုပ်သမားမှတ်ပုံတင်ကဒ် မရှိသော အလုပ်သမားများ အတွက်

- ကျန်းမာရေးဆေး စစ်ခ – ဘတ် ၆၀၀ (၂၀၀၄ ခုနှစ်အတွက် )
- ဘတ် ၃၀ ကဒ်ဖိုး – ဘတ် ၄၀၀ (၂၀၀၄ ခုနှစ်အတွက် )
- ကျန်းမာရေးဆေး စစ်ခ – ဘတ် ၆၀၀ (၂၀၀၅ ခုနှစ်အတွက် )
- ဘတ် ၃၀ ကဒ်ဖိုး – ဘတ် ၁၃၀၀ (၂၀၀၅ ခုနှစ်အတွက် )
- စုစုပေါင်း – ဘတ် ၂၈၀၀

- အလုပ်သမား လက်မှတ်လျှောက်ခ – ဘတ် ၁၀၀ (၂၀၀၄ ခုနှစ်အတွက် )
- အလုပ်သမား မှတ်ပုံတင် ကဒ်ဖိုး – ဘတ် ၄၅၀ (၂၀၀၄ ခုနှစ်အတွက် )
- အလုပ်သမား လက်မှတ် လျှောက်ခ – ဘတ် ၁၀၀ (၂၀၀၅ ခုနှစ်အတွက် )
- အလုပ်သမား မှတ်ပုံတင် ကဒ်ဖိုး (တနှစ်စာ) – ဘတ် ၁၈၀၀ (၂၀၀၅ ခုနှစ်အတွက် )
- စုစုပေါင်း – ဘတ် ၂၄၅၀

> ➢ ကျန်းမာရေး ဆေးစစ်ကဒ် အပါအဝင် အလုပ်သမားမှတ်ပုံတင်ကဒ် လုပ်ခ စုစုပေါင်း
> = ဘတ် ( ၂၈၀၀ + ၂၄၅၀ )
> = ဘတ် ၅၃၅၀

<u>အလုပ်သမား မှတ်ပုံတင်ကဒ် တန်ဖိုး</u>

| | |
|---|---|
| ၃လစာ | – ဘတ် ၄၅၀ |
| ၆လစာ | – ဘတ် ၈၀၀ |
| တနှစ်စာ | – ဘတ် ၁၈၀၀ |

<u>ကျန်းမာရေး ဆေးစစ်ကဒ် အပါအဝင် အလုပ်သမားမှတ်ပုံတင်ကဒ် လုပ်ခ စုစုပေါင်း</u>

လက်ရှိလုပ်ရှင် နှင့် ဆက်လုပ်မည့် အလုပ်သမားမှတ်ပုံတင် ရှိပြီးသော သူများ – **ဘတ် ၃၈၀၀**
အလုပ်သမား မှတ်ပုံတင်ကဒ် သက်တမ်း သည် ဇွန်လ ၃၀ ရက်မတိုင်မီ ကုန်ဆုံးသော သူများ (သို့မဟုတ် ) အလုပ်ရှင်ပြောင်းလိုသူများ – **ဘတ် ၄၃၅၀**
ယာယီနေထိုင်ခွင့်လက်မှတ်သာရှိပြီးအလုပ်သမားမှတ်ပုံတင်ကဒ်မရှိသောအလုပ်သမားများ
– **ဘတ် ၅၃၅၀**

ခရိုင်အလုပ်သမားရှာဖွေရေးရုံး၏ ဖုန်းနံပါတ် ( ၂၀၀၅ခုနှစ်အတွက် အလုပ်သမားကဒ်သက်တမ်းတိုးသည့်နေရာနှင့် အလုပ်သမားကဒ်လုပ်မည့်နေရာ)

| | |
|---|---|
| ချင်းရိုင်းခရိုင်အလုပ်သမားရှာဖွေရေးရုံး | ၀၅၃–၇၅၀–၆၁၁ဆက်ရန် ၁၁ |
| ချင်းမိုင်ခရိုင် အလုပ်သမားရှာဖွေရေးရုံး | ၀၅၃–၁၂၂–၈၇၄ |
| တာ့စ်ခရိုင် အလုပ်သမားရှာဖွေရေးရုံး | ၀၅၅–၅၁၄–၅၆၉ |
| မဲဆောက်မြို့နယ် အလုပ်သမားရှာဖွေရေးရုံ | ၀၅၅–၅၃၄–၆၃၉–၄၀ ဆက်ရန် ၁၀၁–၁၀၇ |
| မယ်ဟောင်းဆောင် အလုပ်သမားရှာဖွေရေးရုံး | ၀၅၃–၆၁၁–၀၈၈ |
| လမ်းဖွန်းအလုပ်သမားရှာဖွေရေးရုံး | ၀၅၃–၅၆၁–၀၉၀ဆက်ရန်၅၀၁ |
| လမ်းပန်း အလုပ်သမားရှာဖွေရေးရုံး | ၀၅၄–၃၅၁–၁၉၉ |
| ဖန်ငါး အလုပ်သမားရှာဖွေရေးရုံး | ၀၇၆–၄၁၃–၉၄၈ |
| ဖူးကစ် အလုပ်သမားရှာဖွေရေးရုံး | ၀၇၆–၂၁၂–၈၁၄ |
| ဆုန်ခါ(ဟတ်ရိုင်) အလုပ်သမားရှာဖွေရေးရုံး | ၀၇၄–၂၃၄၀၈၉–၂၂၁–၁၁၄ |
| ဆမွန်ဆာခွန်း အလုပ်သမားရှာဖွေရေးရုံး | ၀၃၄–၈၂၀–၇၃၂ |